## အပတ်စဉ်အလုပ်လက်မဲ့အကျိုးခံစားခွင့် တောင်းဆိုပုံနှင့်တောင်းဆိုရန်အချိန်

အလုပ်လက်မဲ့အကျိုးခံစားခွင့်များ လျှောက်ထားပြီး နောက်တစ်ပတ်မှစတင်ကာ အလုပ်လက်မဲ့ အကျိုးခံစားခွင့်ဆိုင်ရာ အပတ်စဉ်တောင်းဆိုမှုကို တင်သွင်းရမည်။ ထို့နောက် အကျိုးခံစားခွင့် တောင်းဆိုချက်ကို သင်ကိုယ်တိုင် ရပ်တန့်လိုသည့်အချိန်ကာလအထိ အပတ်စဉ် တင်သွင်းရမည် ဖြစ်သည်။

## တောင်းဆိုချက် တင်သွင်းပုံ

အကျိုးသက်ရောက်မှုများကို အမြန်ဆုံးရလိုပါက သင်၏အပတ်စဉ်တောင်းဆိုမှုကို အွန်လိုင်းမှလျှောက်ထားနိုင်ပါသည်။ ဝက်ဘ်ဆိုက်အတွင်း လော့ဂ်အင်လုပ်၍ ဝင်ရောက်ပြီးသည့်အခါ (စာရင်းသတိပေးချက်များ) Account Alerts နေရာတွင် မှာကြားချက်တစ်ခုတွေ့ ရှိမည်။ ထိုလင့်ခ်တွင် ခလုတ်နှိပ်၍ဝင်ရောက်ပြီး ညွှန်ကြားချက်များကိုလုပ်ဆောင်ပါ။ ပိုမို သိရှိလိုပါက eServices အသုံးပြုသူလမ်းညွှန် တွင် လေ့လာနိုင်ပါသည်။

## တောင်းဆိုချက်တင်ရန်အချိန်

- ***အွန်လိုင်းမှ တင်ပါက*** တနင်္ဂနွေ နံနက် ၁၂ နာရီ မှ စနေ ည ၁၁ နာရီ ၅၉ မိနစ် အတွင်း မည်သည့်အချိန်မဆို တင်သွင်းနိုင်ပါသည်။
- *ဖုန်းဖြင့် တင်သွင်းပါက* စက်ဖြင့်အစားထိုးထားသည့်စနစ်ကို **(တနင်္ဂနွေနေ့ နံနက် ၁၂ နာရီမှ သောကြာနေ့ ညနေ ၄ နာရီ-** သောကြာနေ့ ပိတ်ရက်မဟုတ်ပါက) သုံးပါ။ သို့မဟုတ် တောင်းဆိုမှုကိုယ်စားလှယ်ဖြင့် စကားပြောပါ **(တနင်္လာမှ သောကြာ - နံနက် ၈ နာရီမှ ညနေ ၄ နာရီ -** ရုံးပိတ်ရက်များမှလွဲ၍)
- အပတ်စဉ်တိုင်း အကျိုးခံစားခွင့်ကို တောင်းဆိုရမည်။
- အလုပ်လက်မဲ့အကျိုးခံစားခွင့် လျှောက်လွှာကို တစ်ပတ်တာ ကုန်ဆုံးခါနီးအထိ မတင်ခဲ့မိလျှင်၊ သင့်လျှောက်လွှာကို ကိုင်တွယ်ရန် အလုပ်လုပ်ရက် နှစ်ရက်အချိန်ပေးပြီးမှ သင်၏ ပထမအကြိမ် အပတ်စဉ် တောင်းဆိုချက်ကို တစ်ပတ်ခြားပြီးမှ တင်သွင်းပါ။

## သင်သည် အောက်ပါတို့ကို ပြုလုပ်ရန် စောင့်ဆိုင်းနေသော်လည်း၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်တောင်းဆိုချက်ကို အပတ်စဉ် တင်သွင်းရန် လိုအပ်သည်-

- အကျိုးခံစားခွင့်များရရှိရန် သတ်မှတ်ချက်များနှင့်ပြည့်မီခြင်းရှိမရှိ သိရန်စုံစမ်းစဉ်။
- မိမိလုပ်ခများနှင့် အလုပ်လုပ်သည့်နာရီများကို ထပ်၍ ဖြည့်သွင်းစေနေစဉ်။
- အကျိုးခံစားခွင့်များကို ငြင်းဆိုချက်အပေါ် အယူခံဝင်နေစဉ်။

# COVID-19 (ကိုရိုနာဗိုင်းရပ်စ်) အပတ်စဉ်တောင်းဆိုမှုဆိုင်ရာ နောက်ဆုံး အခြေအနေ

COVID-19 အခြေအနေကြောင့် ထိခိုက်ခံရသော အလုပ်ရှင်နှင့် အလုပ်သမားများအတွက် အရေးပေါ် စည်းမျဉ်းများကို ချမှတ်ထားသည်။ COVID-19 စာမျက်နှာတွင် ပိုမိုလေ့လာနိုင်သည်။

COVID-19 ကြောင့် သင်၏အလုပ်လုပ်နိုင်စွမ်းကို ထိခိုက်ခဲ့ပါက အပတ်စဉ် လျှောက်လွှာဖြည့်ရေးအတွက် အောက်ဖော်ပြပါ လမ်းညွှန်မှုများကို ထပ်မံထည့်သွင်းထားပါသည်။

**အရေးကြီးသော** ***သတင်းအချက်အလက် (၂၀၂၀ ခုနှစ် မတ်လ ၂၂ ရက် နောက်ဆုံးထုတ်ပြန်သည်)***

- COVID-19 ဆိုင်ရာ အရေးပေါ်စည်းမျဉ်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်၊ ၂၀၂၀ ခုနှစ် မတ်လ ၈ ရက် မှစ၍ အကျိုးခံစားခွင့် တောင်းဆိုမှုများအတွက် စောင့်ဆိုင်းကာလ တစ်ပတ်ကို ပလပ်လိုက်သည်။
- အလုပ်ရှာဖွေမှုသည် ၂၀၂၀ ဖွန် ၁၇ ရက်အထိ မလုပ်မနေရ မဟုတ်တော့ပေ။ (ယင်းကို အချိန်ကာလ တိုးချဲ့ နိုင်သည်။ နောက်ဆုံးအခြေအနေကို www.esd.wa.gov တွင် ကြည့်ရှုစစ်ဆေးပါ)။ အလုပ်ရှာဖွေမှုသည် မလုပ်မနေရမဟုတ်သော်လည်း၊ ("သင်ယခုတောင်းဆိုနေသည့် အပတ်အတွင်း ညွှန်ကြားထားသည့်အတိုင်း အလုပ်ရှာခဲ့သလား၊") "Did you make an active search for work, as directed, during the week you are now claiming" တွင် (NO) ဟု ဖြေနိုင်ပါသည်။ အလုပ်ရှာဖွေခြင်း မရှိသည့်အတွက် သင့်အကျိုးခံစားခွင့် ရရှိမှုအား နှောင့်နှေးစေမည်မဟုတ်ပါ။

## အလုပ်လက်မဲ့အကျိုးခံစားခွင့်အပတ်စဉ် တောင်းဆိုမှုအပေါ် မေးခွန်းများ

သင်သည် အပတ်စဉ်တောင်းဆိုမှုကို အွန်လိုင်းမှတောင်းဆိုသည်ဖြစ်စေ၊ ဖုန်းဖြင့် တောင်းဆိုသည်ဖြစ်စေ၊ ESD မှ မေးထားသော မေးခွန်းများသည် အတူတူပင်ဖြစ်သည်။

၁။ သင်သည် နေ့စဉ် ကိုယ်ကာယအရ လုပ်နိုင်စွမ်းရှိပြီး၊ အလုပ်လုပ်ရန် အားပါသလား။

- COVID-19 ကြောင့် စီးပွားရေးလုပ်ငန်းများ ပိတ်လိုက်ခြင်း သို့မဟုတ် COVID-19 ကူးစက်နိုင်မှု အလားအလာမြင့်မားနေပြီး သီးသန့် ခွဲခြား နေရန် အကြံပြုခံရခြင်းကြောင့် သင်သည် အလုပ်လက်မဲ့ ဖြစ်ခဲ့လျှင်လည်း သင့်အနေဖြင့် ယခု မေးခွန်းနေရာတွင် "YES" ကိုဖြေရမည်။

၂။ ယခု တောင်းဆိုမှုပြုနေသော ရက်သတ္တပတ်အတွင်း ညွှန်ကြားသည့်အတိုင်း အလုပ်ရှာဖွေခဲ့ပါသလား။

- အလုပ်အသစ်ရှာဖွေမှုသည် ၂၀၂၀ ခုနှစ် ဖွန်လ ၁၇ ရက်အထိ မလုပ်မနေရမဟုတ်တော့ပေ။ (အချိန်ထပ်မံတိုးချဲ့နိုင်သည်။ နောက်ဆုံးအခြေအနေကို www.esd.wa.gov တွင် ကြည့်ရှု စစ်ဆေးနိုင်သည်) အလုပ်ရှာဖွေမှုသည်မလုပ်မနေရမဟုတ်သော်လည်း၊ ဤမေးခွန်းကို "NO" ဟုဖြေနိုင်သည်။
- အကယ်၍ "YES" ဟုဖြေပါက သင်ရှာဖွေခဲ့သောအလုပ်၏ အလုပ်ရှင်အဆက်အသွယ်၊ လုပ်ဆောင်မှုများနှင့် အလုပ်ရှာဖွေမှုဆိုင်ရာ မှတ်တမ်း စသည်များကို ထပ်မံမေးမြန်းခြင်း ခံရပါမည်။
- အလုပ်ရှင်၏အဆက်အသွယ်များအတွက် အလုပ်ရှာဖွေမှု မှတ်တမ်းမှ သင်ပြုလုပ်သည့် ဆက်သွယ်မှုတိုင်းအတွက် အောက်ပါတို့ကို တင်ပြရမည်- နေ့စွဲ၊ စီးပွားရေး လုပ်ငန်းအမည်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်၊ မည်သို့ ဆက်သွယ်ခဲ့ကြောင်း၊ မည်သူနှင့် ဆက်သွယ်ခဲ့ကြောင်း၊ မည်သည့်အလုပ်အမျိုးအစားကို ရှာဖွေခဲ့ကြောင်းစသည်များ။

၃။ ကမ်းလှမ်းသည့်အလုပ်တစ်ခုခု သင်ငြင်းဆိုခဲ့ပါလား။ သို့မဟုတ် အင်တာဗျူးသွားရန် ပျက်ကွက်ခဲ့ပါလား။

၄။ အလုပ်သမား နစ်နာကြေး သို့မဟုတ် ရာဇဝတ်ကျူးလွန်ခံရသူဆိုင်ရာ နစ်နာကြေး ရရှိခြင်း သို့မဟုတ် လျှောက်ထားခြင်း ရှိဖူးပါသလား။*

၅။ ပင်စင် လျှောက်ဖူးပါသလား၊ သို့မဟုတ် ပင်စင်၌ အပြောင်းအလဲရှိပါသလား။*

၆။ အလုပ်လက်မဲ့အကျိုးခံစားခွင့်တောင်းဆိုနေသော ရက်သတ္တပတ်အတွင်း တစ်ရက်ရက် သင်၏ပုံမှန် အလုပ်ရှင်ထံမှ အလုပ်ပိတ်ရက်ကြေး (Holiday pay) ရရှိခဲ့ခြင်း သို့ မဟုတ် ရရှိရန် ရှိပါသလား။*
၇။ သင်တောင်းဆိုနေသောအပတ်၏ တစ်ရက်ရက်အတွက် ကိုယ်ပိုင်အားလပ်ရက်ကြေး ရရှိခဲ့ခြင်း သို့ မဟုတ် ရရှိရန် ရှိပါသလား။
၈။ သင်တောင်းဆိုသောအပတ်၏ တစ်ရက်ရက်အတွက် အသိပေးစာမပို့ဘဲအလုပ်ဖြုတ်သည့်အတွက် ပေးငွေ သို့ မဟုတ် အလုပ်ရပ်စဲခြင်းကြောင့် ပေးငွေစသည်တို့ ကို ရရှိခဲ့ခြင်း သို့ မဟုတ် ရရှိရန် ရှိပါသလား။*
၉။ ခုံသမာဓိတရားသူကြီးအဖွဲ့ (ဂျူရီလူကြီးအဖွဲ့ တွင်) တာဝန်ထမ်းဆောင်ခဲ့ပါသလား။*
၁၀။ အရံတပ်နှင့် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ တွင် ၇၂ နာရီဆက်တိုက် တာဝန် အပြည့်ထမ်းဆောင်ခဲ့ပါသလား။*
၁၁။ ကိုယ်ပိုင်လုပ်ငန်း လုပ်ခဲ့ပါသလား။*
၁၂။ လွန်ခဲ့သည့်အပတ်က အလုပ်ရှင်တစ်ဦးတစ်ယောက်အတွက် အလုပ်လုပ်ခဲ့ပါသလား။*

***သင်ဝင်ငွေရခဲ့သည့်အပတ်အတွက်မဟုတ်ဘဲ၊ ဝင်ငွေရှာခဲ့သည့်အပတ်အတွက် ဝင်ငွေများကိုအစီရင်ခံပါ။**
နုတ်ယူခြင်းမပြုမီ ရရှိသော ငွေစုစုပေါင်းကို အစီရင်ခံပါ။ ကိုယ်ပိုင်လုပ်ငန်းလုပ်ဆောင်သူများအတွက် အသားတင်ဝင်ငွေကို အစီရင်ခံပါ။ သင့်ဝင်ငွေအတွက် စုစုပေါင်းအလုပ်လုပ်ခဲ့သည့် အချိန်နာရီ သို့ မဟုတ် ရက်များကိုလည်း မေးပါမည်။

ရက်သတ္တပတ်အတွင်း အလုပ်လုပ်ခဲ့ပါက အောက်ပါတို့ကို တင်ပြရန် ပြင်ဆင်ထားပါ-

- သင့်ကို မပေးသေးသော်လည်း ထိုအပတ်အတွက်သင်ရှာဖွေခဲ့သော ငွေပမာဏ။ (ဝင်ငွေများတွင် လုပ်ခ၊ ကော်မရှင်ခနှင့် အပိုဆုကြေး (ဘောနပ်စ်)များ၊ ငွေသားမဟုတ်ဘဲ ငွေသားနှင့်တန်ဖိုးတူညီသော လုပ်ခနှင့် လျော်ကန်သော တန်ဖိုးရှိသည့် သဒ္ဓါကြေးငွေများ ပါဝင်ပါသည်။
- သင်တစ်ပတ်တာအတွင်း အလုပ်ချိန် နာရီမည်မျှ လုပ်ခဲ့သနည်း။
- သင့်အလုပ်ရှင်၏ စီးပွားရေးလုပ်ငန်းအမည်။
- သင့်အလုပ်ရှင်၏ စီးပွားရေးလုပ်ငန်း လိပ်စာအပြည့်အစုံ။
- ယခုအပတ်တွင် သင်အလုပ်စတင်လုပ်သည့်နေ့ စွဲ။

## သင်၏ဝင်ငွေများကို ထည့်သွင်းပြီးနောက်

သင့်ကို ("နောက်အပတ်တွင် ဤအလုပ်ရှင်အတွက်ပဲ အလုပ်လုပ်ရန် မျှော်လင့်ထားပါသလား။") "Do you expect to be working for the same employer next week?" ဟု မေးလိမ့်မည်။ ("မျှော်လင့်မထားပါ") "No" ဟုဖြေလျှင် အောက်ပါအကြောင်းပြချက်တခုခုကို ဖော်ပြပေးရမည်ဖြစ်သည်။
၁။ အလုပ်မရှိခြင်း
  - ဥပမာ- အလုပ်ရှင်မှ အလုပ်ပိတ်သိမ်းခြင်း၊ စီးပွားရေး အကျပ်အတည်းကြောင့် သို့ မဟုတ် COVID-19 ကာလအတွင်း ပြည်သူ့ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်ကြောင့်

၂။ အလုပ်မရှိခြင်းကြောင့် အလုပ်လုပ်ရသော နာရီလျော့ သွားခြင်း
၃။ အလုပ်မှ ထုတ်ပယ်ခံရခြင်း
၄။ မိမိသဘောဖြင့် အလုပ်ထွက်လိုက်ခြင်း
၅။ အခြားအကြောင်းရင်းကြောင့်

## သင့်တွင် အခြားအစီရင်ခံတင်ပြရမည့် ဝင်ငွေရှိပါသလား။

သင့်ဝင်ငွေသည် အစီရင်ခံတင်ပြရမည့် ဝင်ငွေ ဟုတ်မဟုတ် မသေချာပါက အလုပ်လက်မဲ့ အလုပ်သမားများ အတွက် လက်စွဲစာအုပ် (PDF, 2.9 MB) ရှိစာမျက်နှာ ၂၇ မှ ၂၈ မှ အောက်ပါစာရင်းကို ကြည့်ပါ။

သင်၏အဖြေများကို ဖြေသည့်အခါ၊ အလိုအလျောက်စနစ်မှ (“**သင့်တောင်းဆိုမှုကို လက်ခံရရှိပါသည်။**”) “**Your claim has been accepted**” ဟု ပြောကြားပါမည်။ သို့ မဟုတ် အဆိုပါစာသား ပေါ်လာလိမ့်မည်။

**အစီရင်ခံတင်ပြသင့်သော ဝင်ငွေများတွင် အောက်ပါတို့ ပါဝင်ပါသည်-**

၁။ သင်၏ကိုယ်ပိုင်လုပ်ငန်းမှ အသားတင်ဝင်ငွေ။

၂။ ငွေကြေးအစား  အိမ်ငှားခ သို့မဟုတ် အခန်းနှင့်အစားအသောက်ကဲ့သို့ သော အရာများဖြင့် ပေးချေခြင်း။

၃။ တစ်ပတ်တာအတွင်း ဝန်ဆောင်မှုအတွက် ဘောနပ်စ် (အပိုဆုကြေး)အဖြစ် ရရှိသောငွေ။

၄။ သဒ္ဓါကြေး (tips) အဖြစ်ရရှိသောမည်သည့်အရာမဆို။

၅။ လစာဖြင့် ကိုယ်ပိုင် အားလပ်ရက်၊ အလုပ်ပိတ်ရက်နှင့် နာမကျန်းခွင့်ရက်များအတွက် ရရှိငွေ။

၆။ အရံတပ်နှင့် နိုင်ငံတော်လုံခြုံရေးအဖွဲ့ အစည်းများတွင် သုံးရက်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါက ရရှိငွေ။

၇။ ခုံသမာဓိတရားသူကြီး အဖွဲ့ (ဂျူရီလူကြီးများအဖွဲ့) တွင် တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိသောငွေ။

၈။ ပြည်နယ်တက္ကသိုလ်၊ အစိုးရကောလိပ်များတွင် ကျောင်းတက်ရင်း အလုပ်လုပ်ခြင်း (work study) မှ ရရှိသောငွေမပါဝင်ပါ။ (ခေါင်းစီး ၄ ရန်ပုံငွေများ မှရရှိသောငွေမပါဝင်ပါ)

၉။ သင်တောင်းဆိုသောအပတ်များအတွက် အလုပ်ရှင်ထံမှ (ဥပမာ- ဆုံးရှုံးသွားချိန်အတွက် ပြန်ပေးငွေ သို့မဟုတ်  အလုပ်သမား နစ်နာကြေးအတွက် တောင်းခံငွေ အပါအဝင်အတွက်) ပြန်ပေးချေငွေ။

## ဝင်ငွေမှနတ်ယူခြင်းဆိုင်ရာ အချက်အလက်များဇယား

သင်အပတ်စဉ်တောင်းခံသည့်ငွေမှ မည်မျှနုတ်ယူမည်ဆိုသည်ကို သင်တွက်ချက်ရာတွင် အထောက်အကူပြုရန် လက်ရှိဝင်ငွေမှနတ်ယူခြင်းဆိုင်ရာ အချက်အလက်များဇယား ကို ဒေါင်းလုပ် (Download) လုပ်နိုင်ပါသည်။

## အကယ်၍ သင့်အပတ်စဉ်လျှောက်လွှာတွင် အမှားအယွင်းရှိခဲ့လျှင်

အကယ်၍ သင့်အပတ်စဉ် တောင်းခံမှုပြုလုပ်နေစဉ် အမှားအယွင်းရှိခဲ့လျှင် **Your claim has been accepted**." စာသားကို မမြင်မီ၊ မကြားမီအထိ အချိန်မရွေး  ပြန်စနိုင်ပါသည်။ များသောအားဖြင့် တောင်းဆိုမှု တင်သွင်းနေဆဲ အချိန်ကာလအတွင်း အမှားများ ရှိခဲ့လျှင်  ပြန်လည်ပြင်ဆင်ရန် အခွင့်အရေးရှိပါသည်။

အပတ်စဉ်တောင်းခံခြင်းကိုတင်သွင်း ***ပြီးမှ*** အမှားအယွင်းကိုသိရှိလျှင်၊ တောင်းခံခြင်း ကိုယ်စားလှယ် (Claim Agent) အား (800-318-6022 **သို့  တနင်္လာမှ သောကြာ နံနက် ၇ နာရီမှ ညနေ ၄ နာရီအတွင်း** အစိုးရရုံးပိတ်ရက်မှအပ) ဖုန်းဆက်၍ပြောဆိုဆွေးနွေးရန် လိုပါသည်။

**တောင်းခံခြင်းများဌာနသို့ အမှားအယွင်းပြင်ဆင်ရေးအတွက် ဖုန်းခေါ်ဆိုရန် ပျက်ကွက်ပါက အပိုပေးမိခြင်း ဖြစ်သွားနိုင်ပြီး သင့်အကျိုးခံစားခွင့်များ ငြင်းပယ်ခံရနိုင်ပါသည်။**

အကယ်၍ သင်သည် အလုပ်လက်မဲ့ အာမခံအကျိုးခံစားခွင့်များလျှောက်ထားရန် လိုအပ်လျှင် သို့ မဟုတ် သင်၏ အာမခံ အကျိုးခံစားမှု များနှင့် ပတ်သက်၍ မေးခွန်းများရှိလျှင်၊ ကျေးဇူးပြုပြီး 1-800-318-6022 ကို ဖုန်းဆက်ပါ။ ဖုန်းခေါ်သောအခါ အခမဲ့ ဘာသာပြန်ဝန်ဆောင်မှုတောင်းဆိုပါ၊ အကယ်၍ လိုအပ်လျှင် အလုပ်လက်မဲ့ အကျိုးခံစားခွင့် အကြောင်းအရာနှင့် ပတ်သက်ပြီး တစ်စုံတစ်ယောက်နှင့် ဆွေးနွေးပြောဆိုပါ။